# နွေဦးအသံ
## the voice of spring

29.4.2021 · Thursday · No . 24 · Daily News Pamphlet


### ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) ၏ ထုတ်ပြန်ကြေညာချက်ပါ ဘုံသဘောထားရပ်တည်ချက်ကို CRPH မှ အလေးအနက်ထောက်ခံကြိုဆိုကြောင်း ကြေညာချက် ပြန်လည်ထုတ်ပြန်ခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – CRPH မှ

### ချင်းပြည်နယ်၊ မင်းတပ်မြို့ရှိ ဒေသခံများက တူမီးသေနတ်များနှင့် အပြင်းအထန် ခုခံကြရာ (၄)ရက်အတွင်း စစ်အုပ်စုဘက်မှ (၃၀)ခန့် သေဆုံးခဲ့ပြီးနောက် ဖမ်းဆီးထားသည့် ဒေသခံ(၇)ဦးကို ပြန်လည်လွှတ်ပေးခဲ့ရပြီး ဒေသခံများဘက်က အကျအဆုံး (လုံး၀) မရှိကြောင်း သိရ

သတင်းတို — ရင်းမြစ် – မြန်မာနောင်း မှ

### မန္တလေးမြို့ ရတနာပုံတက္ကသိုလ် နှင့် မန္တလာတက္ကသိုလ် စုပေါင်းသပိတ်စစ်ကြောင်းကို စစ်အုပ်စုမှ စစ်ကားများဖြင့် အနောက်မှ လိုက်တိုက်၍ အကြမ်းဖက်ဖြိုခွဲခဲ့ရာ ကျောင်းသား၊ ကျောင်းသူ(၆)ဦးခန့် အဖမ်းဆီးခံခဲ့ရ

သတင်းတို — ရင်းမြစ် – DVB မှ

### ရန်ကုန်၊ တောင်ဥက္ကလာပ ရဲစခန်းတွင် ဗုံးပေါက်ကွဲခဲ့ပြီး စစ်အုပ်စုအချို့ ထိခိုက်မှုရှိဟုသိရ

သတင်းတို — ရင်းမြစ် – DVB မှ

## သပိတ်မျိုးစုံဖြင့် ဆန္ဒဖော်ထုတ်ပွဲများ အရှိန်မပြတ် ဆက်လက်ပြုလုပ်ခဲ့ကြ



ဧပြီ ၂၈ ရက်၊ မန္တလေးမြို့ တက္ကသိုလ်တပ်ပေါင်းစုသပိတ်စစ်ကြောင်း ချီတက်လာသည်ကိုတွေ့ရစဉ် -(ဓါတ်ပုံ - CJ )

### ဗန်းမော်ခရိုင်တိုက်ပွဲအတွင်း စစ်အုပ်စုဘက်မှ (၄၀)သေဆုံးပြီး KIA မှ (၂)ဦးခန့် ကျဆုံးခဲ့ဟုသိရ

သတင်းတို — ရင်းမြစ် – DVB မှ

### ချင်းပြည်နယ်၊ တီးတိန်ရှိ လူငယ်တဦး ပစ်ခတ်ခံရသဖြင့် ကျဆုံးခဲ့

သတင်းတို — ရင်းမြစ် – BBC မှ

### အာဆီယံကတိကဝတ်ကို လိုက်နာရန် ကုလအထူးကိုယ်စားလှယ်မှ မင်းအောင်လှိုင်ထံ စာပေးပို့ခဲ့

သတင်းတို — ရင်းမြစ် – RFA မှ

### ဘဏ်စာရင်းအသစ်ဖွင့်သူများကို အကန့်အသတ်မရှိ ငွေထုတ်ခွင့်ပြုမည်ဟု ဗဟိုဘဏ်လုည့်စားထုတ်ပြန်

သတင်းတို — ရင်းမြစ် – နွေဦးအသံ မှ

### NUG ကို ကြိုဆိုပြီး CRPH ကိုပံ့ပိုးမည်ဟု တိုင်းရင်းသားလက်နက်ကိုင်(၁၀)ဖွဲ့ PPST ကြေညာခဲ့

သတင်းတို — ရင်းမြစ် – PPST မှ

### ရန်ကုန်တိုင်းအစိုးရဝန်ကြီး ဒေါ်နီလာကျော်ကို အကြမ်းဖက်စစ်အုပ်စုမှ အဂတိမှုဖြင့်တရားစွဲဆိုခဲ့

သတင်းတို — ရင်းမြစ် – DVB မှ

### မြောင်းမြမြို့ရှိ NLD ပါတီရုံးခွဲများကို အကြမ်းဖက်စစ်အုပ်စုက ခိုးဝင်၍ လုယက်ဖျက်စီးနေဟုသိရ

သတင်းတို — ရင်းမြစ် – မဇ္ဈိမ မှ

# သတင်း မှတ်စု

ဧပြီလ (၂၈) ရက်၊ ၂၀၂၁

- ချင်းပြည်နယ်၊ တီးတိန်မြို့၌ ဧပြီ ၂၇ ရက်၊ ည ၈ နာရီနှင့် ၉ နာရီခန့်တွင် မြို့မရပ်ကွက် နာရီစင်အနီး ပေါက်ကွဲမှု နစ်ကြိမ် ဖြစ်ပွားခဲ့ပြီး ည (၁၀) ခန့်တွင် အကြမ်းဖက်စစ်အုပ်စုက အသက် ၂၀ ခန့်ရှိ မောင်ထန်းမွမ်းလျန်းအား ဓာတ်ဆီဆိုင်တွင် ညစောင့်တာဝန်ထမ်းဆောင်ရန် ဆိုင်ကယ်နဲ့ သွားစဉ် ပစ်ခတ်သဖြင့် သေဆုံးခဲ့ပြီး ရုပ်အလောင်းအား မိသားစုများထံ ပြန်မပေးသေးဟု သိရ။
- အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မင်္ဂလာလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးအိမ်တွင် နေ့လယ် (၁၁) နာရီခွဲကျော်က ပေါက်ကွဲမှု တစ်ရပ် ဖြစ်ပွားခဲ့။
- ဖယ်ခုံမြို့၊ ညောင်ပင်သာရပ်ကွက်အုပ်ချုပ်ရေးမှူး နေအိမ်အား ည ၉ နာရီခွဲခန့်က အရပ်ဝတ်ဖြင့် လူသုံးဦးက လာရောက်ပစ်ခတ် သွားသဖြင့် အုပ်ချုပ်ရေးမှူးဦးထွန်းပေါ် ဒဏ်ရာရခဲ့ပြီး ၎င်း၏ တူဖြစ်သူ သေဆုံးခဲ့ဟုသိရ။
- ရန်ကုန်ရှိ (၃၃) မြို့နယ်၌ ဆိုင်ကယ်များဖြင့် မီးပုလင်းပစ်ခြင်း၊ ရုံးများအား ဗုံးခွဲခြင်းများ ပြုလုပ်နေခြင်းကြောင့်ဟုဆိုကာ စစ်အုပ်စုက ဆိုင်ကယ်စီးခြင်းကို အထူးကြပ်မတ် အရေးယူမည်ဟု ထုတ်ပြန်ခဲ့။
- တမူးမြို့ရှိ ဒေသခံများက လုံခြုံရေးယူထားသည့် ကုလားစခန်းကို စစ်အုပ်စုက ဝင်ရောက်ပစ်ခတ်စီးနင်းရာ CDM ပါဝင်သည့် စစ်သားတဦး အဖမ်းဆီးခံခဲ့ရပြီး သေဆုံးခဲ့ဟုသိရ။
- မုံရွာ၊ ကျောက္ကာတောင်ထိပ်တွင် လူငယ်များက ခွပ်ဒေါင်းနှင့် နွေဦးတော်လှန်ရေးအလံများနှင့် "မုံရွာကို လုံးဝအုပ်ချုပ်၍ မရစေရ" ဆိုင်းဘုတ်များ စိုက်ထူခဲ့ကြ။
- မိုးကုတ်မြို့၊ NLD ဥက္ကဋ္ဌဦးကိုကိုဦးနဲ့ ပြည်သူ (၃) ဦးကို အကြမ်းဖက်စစ်အုပ်စုက ဖမ်းဆီးခဲ့။
- ရန်ကုန်မြို့၊ အင်းစိန်ဈေး သား၊ ငါးတန်း၌ ညနေ (၃) နာရီကျော်အချိန်က ပေါက်ကွဲမှု တခုဖြစ်ပွားခဲ့။
- ပုသိမ်မြို့ရှိ Music King (အော်ဒီယိုနှင့် အီလက်ထရောနစ်) ဆိုင်ပိုင်ရှင် ဦးအောင်ကိုကိုအား စစ်အုပ်စုက အရပ်ဝတ်ဖြင့် လာရောက် ဖမ်းဆီးခဲ့ဟုသိရ။
- ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ စုပေါင်းရုံးတွင် ဗုံးပေါက်ကွဲတစ်ရပ် ဖြစ်ပွားခဲ့။
- ဗန်းမော်ခရိုင်၊ မိုးမောက်မြို့နယ်ရှိ မြို့သစ်နှင့် ကုန်းလောကျေးရွာအနီး၌ KIA နှင့် အကြမ်းဖက်စစ်အုပ်စုအကြား တိုက်ပွဲများ ဖြစ်ပွားလျက် ရှိပြီး စစ်အုပ်စုဘက်က လေကြောင်းအကူဖြင့် ဗုံးကြဲလျက်ရှိဟုသိရ။
- စစ်အုပ်စု တပ်စွဲထားသည့် ရန်ကုန်တိုင်းလွှတ်တော်ရုံးရှေ့ ပြည်သူ့ရင်ပြင်၌ လူငယ်အချို့က ပျောက်ကြားသပိတ် ပြုလုပ်ခဲ့။
- ရန်ကုန်၊ သန်လျင်၊ တိုက်ကြီး၊ မန္တလေးရေဆင်းတက္ကသိုလ်။ မကွေး-ဆားလယ်ရွာ။ ဟိုပုံးမြို့။ ကျိုင်းတုံ မြို့တို့၌ လူမဲ့သပိတ် ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ ကျောက်တန်းမြို့။ တောင်ငူ-အုတ်တွင်းမြို့။ စစ်ကိုင်း-ပုလဲမြို့။ ထားဝယ်မြို့-တောင်ပိုင်း ကျေးရွာများသပိတ်။ မော်လမြိုင်။ တောင်ကြီးမြို့။ ကျောက်မဲမြို့။ ပျဉ်းမနား၊ ရွှေဘိုမြို့တို့၌ ဆိုင်ကယ်သပိတ် ပြုလုပ်ခဲ့ကြ။
- ရန်ကုန်-ကြည့်မြင်တိုင်၊ လှိုင်။ ကျိုက်မရော။ မုဒုံ။ "ဘူး" သပိတ် ပြုလုပ်ခဲ့ကြပြီး စစ်ကိုင်း-တန့်ဆည်မြို့။ လောင်းလုံး-သဗျာနှင့် ကဒက်ကြီးကျေးရွာ တို့၌ အာရုဏ်ဦးသပိတ် ပြုလုပ်ခဲ့ကြ။
- ရန်ကုန်-မြောက်ဥက္ကလာပ။ YBS ယာဉ်လိုင်းအချို့၌ Paper Strike ပြုလုပ်ခဲ့ကြပြီး မြောက်ဒဂုံမြို့နယ်။ မိုးကုတ်။ စစ်ကိုင်းမြို့ တို့၌ ပျောက်ကြားသပိတ် ပြုလုပ်ခဲ့ကြ။
- *သပိတ်မှတ်စု*
- ရန်ကုန်- လှိုင်၊ သဃ်န်းကျွန်း၊အင်းစိန်။ မန္တလေး- တပ်ပေါင်းစု သပိတ်စစ်ကြောင်း၊ အောင်မြေသာဇံမြို့နယ် ပညာရေးကျောင်းပေါင်းစုံ သပိတ်စစ်ကြောင်း၊ စက်မှုသပိတ်စစ်ကြောင်း။ တကသ စစ်ကြောင်း။ အမရပူရ။ ပုဂံ။ ညောင်ဦး။ မိတ္ထီလာ။ ပဲခူး။ ဒိုက်ဦးမြို့။ ပြည်။ ကလေးမြို့။ ဖြူး-ကညွတ်ကွင်း၊ ဆားလင်း ကြီးမြို့- သံလျက်ကိုင်းနှင့် တောကျောင်း ကျေးရွာများ။ ရွှေဘိုမြို့။ ရေဦးမြို့။ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်။ ထားဝယ်။ လောင်းလုံမြို့နယ်- ဝဗျောကျေးရွာ၊ မောင်းမကန်ရွာ။ ရေဖြူ၊ ကံပေါက်။ ဖားကန့်မြို့နယ်၊ အောင်မြေကွက်သစ် ကျေးရွာနှင့် မရှိကထောင်ရပ်ကွက်။ မော်ပေါင်းစုံသပိတ်စစ်ကြောင်း။ မြစ်ကြီးနားမြို့။ နမ္မတီးမြို့။ လှိုင်ကော်မြို့၊ နောင်ယား (က) ရပ်ကွက်၊ နာနတ်တော။ ညောင်ရွှေမြို့ စသဖြင့် မြို့အသီးသီး၌ လူအင်အား ရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ် ခဲ့ကြဟု သိရ။

ရင်းမြစ် – ဧရာဝတီ၊ မြန်မာနောင်း၊ မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး ဧပြီလ(၂၇)ရက်အထိ

ကျဆုံးသူဦးရေ - ၇၅၅ ဦး ( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ - ၄၄၉၆ ဦး

ဝရမ်းထုတ်ခံရသူဦးရေ - ၁၂၀၀ ဦး

ရင်းမြစ် – အေအေပီပီမှ



ဧပြီ(၂၈)ရက်၊ စစ်ကိုင်း-ကလေးမြို့ရှိ ပင်မ သပိတ်စစ်ကြောင်းချီတက်လာသည်ကို တွေ့ရစဉ်

**အရေးတော်ပုံ မုချ အောင်ရမည်**

**စစ် အာ ဏာ ရှင် စနစ် အလို မရှိ**

www.facebook.com/thevoiceofspring
twitter@NewsPamphlet
thevoiceofspringdaily@gmail.com

နွေဦးအသံ
the voice of spring

29.4.2021 · Thursday · No . 24 · Daily News Pamphlet